# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)တွင် မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ်(Online Booking System)သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Corona Virus Disease 2019(COVID–19) ကာကွယ်၊ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်အရ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံးတွင်(၂၀.၁.၂၀၂၁)ရက်(ဗုဒ္ဓဟူးနေ့)မှ စတင်၍ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ပြည်သူများအဆင်ပြေစေရေးနှင့် လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ်(Online Booking System)ဖြင့်(၂၀.၁.၂၀၂၁)ရက်(ဗုဒ္ဓဟူးနေ့)မှ စတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် ယာဉ်ပိုင်ရှင်များသည် မိမိ ကနဦးမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်လိုသည့်နေ့ရက်ကို www.rtad.gov.mm Website တွင် Online Booking ကို ၁၈.၁.၂၀၂၁(တနင်္လာနေ့)မှစတင်၍ အနည်းဆုံး(၁)ရက်မှ အများဆုံး(၁၀)ရက် အထိ ကြိုတင်ရယူနိုင်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် ရုံးများအလိုက် အောက်ပါစီးရေအတိုင်း အချိန်များခွဲခြား၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်–

(စီးရေ)

| စဉ် | အကြောင်းအရာ | နံနက်ပိုင်း | | နေ့လည်ပိုင်း | |
|---|---|---|---|---|---|
| | | ၉:၀၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၄:၃၀ ထိ | ၁၄:၃၀ မှ ၁၆:၀၀ ထိ |
| (၁) | မော်တော်ဆိုင်ကယ် | ၅၀ | ၅၀ | ၅၀ | ၅၀ |
| (၂) | သုံးဘီးမော်တော်ဆိုင်ကယ်/လူစီးသုံးဘီးမော်တော်ယာဉ် | ၁၀ | ၁၅ | ၁၅ | ၁၀ |
| (၃) | ထရော်လာဂျီ | ၁၀ | ၁၅ | ၁၅ | ၁၀ |

online

၅။ Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊ Onile Booking လျှောက်ထားသည့် Appointment Letter ၌ ကြိုတင်ဖော်ပြထားသည့် COVIDE-19 ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များအား သေချာစွာဖတ်ရှု၍ တိကျစွာအလေးထားလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်၊ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး) - ၀၅၂-၂၂၃၀၀၄၆

၀၉-၈၈၉၀၀၄၄၂၂

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**